ထံၣ်ဂၤကီၢ်ဂၤကညီကရၢ

International Karen Organisation

Asia Pacific Region European Region US/Canada Region

# ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးထံသို့ အိတ်ဖွင့်ပေးစာ။

**အာရှလမ်းမဖွင့်ပွဲအခမ်းအနားကိုတက်ရောက်ခြင်းသည် မြန်မာအစိုးရကျင့်သုံးသော အင်အားသုံးခြင်း၊ အတင်းအဓမ္မ မြေယာသိမ်းယူခြင်းနှင့် လူထုအားအတင်းအဓမ္မအိုးပစ်အိမ်ပစ်နေရာပြောင်းရွှေ့စေခြင်း တို့ကို တရားဝင်အသိအမှတ် ပြုလက်ခံလိုက်ခြင်းသာဖြစ်သည်။**

ဩဂုတ်လ ၂၉ ရက်၊ ၂၀၁၅ ခုနှစ်

သို့
ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး
ဥက္ကဋ္ဌ၊ ကရင်အမျိုးသားအစည်းအရုံး

ဩဂုတ်လ (၃၀) ရက်နေ့တွင်ကျင်းပမည့် မြဝတီနှင့်ကော့ကရိတ်မြို့တို့ကိုဆက်သွယ်ထားသော အာရှလမ်းမကြီး (၁) [AH1] ဖွင့်ပွဲအခမ်းအနားကိုတက်ရောက်ရန် သိန်းစိန်အရပ်သားအစိုးရမှ ဥက္ကဋ္ဌကြီးအား အထူးဧည့်သည်တော်အဖြစ် ဖိတ်ကြားသည်ကိုကြားသိရသည့်အတွက် ကျွန်ုပ်တို့နိုင်ငံတကာကရင်အမျိုးသားအစည်းအရုံး (IKO) အနေဖြင့် စိုးရိမ်ပူပန်မှုများစွာဖြစ်ရသည်။

ယခုအချိန်သည် ငြိမ်းချမ်းရေးတည်ဆောက်သောကာလဖြစ်နေသော်ငြားလည်း ယခုအာရှလမ်းမဖွင့်ပွဲကို ကျင်းပပြုလုပ်နိုင်ရန် လွန်ခဲ့သောလက ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော် (DKBA) အပေါ် အစိုးရတပ်များက ထိုးစစ်များဆင်ခဲ့သည်။ ထိုထိုးစစ်များကြောင့် ပြည်သူလူထု (၁၀၀၀) ကျော်ကို အိုးပစ်အိမ်ပစ်ထွက်ပြေးခဲ့ရသည်။

ဤအာရှလမ်းမစီမံကိန်းကို ထောက်ခံလိုက်ခြင်းသည် မြန်မာအစိုးရ၏ သွေးကွဲဖြိုခွဲပြီးအနိုင်ယူသိမ်းပိုက်ခြင်းမဟာဗျူဟာလှည့်ကွက်ထဲသို့ဝင်လိုက်ခြင်းသာဖြစ်ပြီး ကရင်လက်နက်ကိုင်အားလုံးသင့်မြတ်စည်းလုံးရေးကို ဖျက်လိုဖျက်ဆီးရာရောက်ကာ ကရင်တစ်မျိုးသားလုံးမျှော်လင့်တောင့်တနေသောကိုယ်ပိုင်ပြဌာန်းခွင့်ကို ရိုက်ချိုးလိုက်ခြင်းသာဖြစ်သည်။ သို့ဖြစ်၍ ဖွံ့ဖြိုးရေးစီမံကိန်းအမည်ခံ၍ စစ်အင်အားတိုးချဲ့ကာ ကရင်လူမျိုးတို့၏မြေယာနယ်နိမိတ်နှင့် သယံဇာတအရင်းအမြစ်များကိုထိန်းချုပ်ရန်အတွက် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေသောအစိုးရ၏အစီအစဉ်ကို မားမားမတ်မတ်ရပ်တည်ဆန့်ကျင်သွားရန် ဥက္ကဋ္ဌကြီးအားတိုက်တွန်းပါသည်။

ဥက္ကဋ္ဌကြီးသဘောတူဆုပ်ကိုင်ထားသော "သွေးမြေတစ်စက်မျမကျသည့်နိုင်ငံရေးတိုက်ပွဲကိုတိုက်ရန်" ဟူသောမူကို စွဲကိုင်လိုက်နာသည်ဆိုလျှင် ယခုပြုလုပ်မည့် "သွေးစွန်းသောအာရှလမ်းမ" ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ပါဝင် ခြင်းလုံးဝမပြုသင့်ပါ။

ကရင်ပြည်နယ်အတွင်း ယခုအာရှလမ်းမကြီးစီမံကိန်းကိုလုပ်ဆောင်ခဲ့စဉ်တစ်လျှောက်စီမံကိန်းနှင့်အတူ မြေယာသိမ်း ယူခြင်း၊ အဂတိလိုက်စားမှုများပြည့်နှက်နေသောသဘာဝအရင်းအမြစ်များထုတ်ယူခြင်း၊ အတင်းအဓမ္မစေခိုင်းခြင်း၊ စစ်တပ်တိုးချဲ့ခြင်းနှင့် အကြမ်းဖက်မှုများစွာလိုက်ပါဖြစ်ပွားသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် စီမံကိန်းနှောင့် နှေးခဲ့ပြီး (၂၀၁၂) ခုနှစ် ကေအဲန်ယူနှင့်အစိုးရအကြား နှစ်ဦးနှစ်ဖက်ပဏာမအဆင့်အပစ်ခတ်ရပ်စဲရေးသဘောတူညီ မှုပြုလုပ်ပြီးနောက်ပိုင်း အစိုးရနှင့်အချို့သောကေအဲန်ယူခေါင်းဆောင် (သို့မဟုတ်) အချို့သောကေအဲန်ယူအစုအဖွဲ့ တို့အကြားပြုလုပ်သောလျှို့ဝှက်အပေးအယူများဖြင့် စီမံကိန်းပြန်လည်စတင်ခဲ့သည်။ မြဝတီနှင့်ကော့ကရိတ်မြို့ကို ဆက်သွယ်ထားသောလမ်းသစ်သည် အာရှလမ်းမကြီး (၁) တစ်ခုလုံး၏ပထမအပိုင်းဖြစ်၍ ထိုင်းအစိုးရမှငွေကြေးပံ့ပိုး ပေးကာ ပွင့်လင်းမြင်သာမှုတစ်စုံတစ်ရာမရှိဘဲ စီမံကိန်းကိုပြုလုပ်ပြီးစီးခဲ့သည်။ အာရှလမ်းမကြီး (၁) စီမံကိန်းတစ်ခု လုံးကိုမူ ကမ္ဘာ့ဘဏ်နှင့်ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ကငွေကြေးပံ့ပိုးပေး ထားသည်။

ယာယီအပစ်ခတ်ရပ်စဲရေးသဘောတူညီမှုများပြုလုပ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းနှင့် စစ်အင်အားတိုးချဲ့ချထားခြင်းမှဆင့် တိုင်းရင်းသားနယ်မြေများအတွင်း အစိုးရ၏ထိန်းချုပ်လွှမ်းမိုးမှုအာဏာတိုးချဲ့နိုင်ရန်ပြုလုပ်ခြင်းသည် မြန်မာနိုင်ငံတွင် ထပ်ကာတလဲလဲမြင်နေရသောအရာဖြစ်ပြီး ယခုအာရှလမ်းမစီမံကိန်းသည်လည်း၊ ထိုလမ်းကြောင်းနောက်လိုက်နေ သည်ကိုတွေ့ရသည်။

အာရှလမ်းမကြီးကယူဆောင်ပေးလာမည့် ကူးသန်းရောင်းဝယ်ရေးမှ ဒေါ်လာသန်းထောင်နှင့်ချီသော အကျိုးအမြတ် များသည် ထိုင်းကုမ္ပဏီနှင့်မြန်မာအစိုးရကိုပိုမိုချမ်းသာကြွယ်ဝလာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းစစ်တပ်၏အုပ် ချုပ်ချယ်လှယ်မှုစနစ်ကို ပိုမိုတောင့်တင်းခိုင်မာလာစေမည်သည်။ အကျိုးအမြတ်ခွဲဝေခံစားခွင့်၌ ကရင်လူထုအတွက် အာမခံချက်တစ်စုံတစ်ရာမရှိသောကြောင့် ကရင်လူထုမှာမူ မျော်လင့်ချက်မဲ့သောအနေအထားတွင်ရှိကာ အကျိုးအ မြတ်တစ်စုံတစ်ရာရရှိနိုင်မည်မဟုတ်ပါ။ လမ်းဆောက်လုပ်ရေးစီမံကိန်းများသည် ကျေးလက်နေလူထုအတွက် အကျိုး အမြတ်များစွာယူဆောင်လာနိုင်စွမ်းရှိပါသည်။ သို့သော် ပြည့်စုံသောငြိမ်းချမ်းရေးသဘောတူညီမှုများရရှိပြီးနောက်၊ နိုင်ငံရေးဆွေးနွေးပွဲမှတဆင့် စီမံခန့်ခွဲထိန်းချုပ်မှုနှင့် အကျိုးအမြတ်ခွဲဝေခံစားခွင့်များအတွက် အာမခံချက်များရရှိပြီး သည့်အပြင်၊ ဗဟိုထိန်းချုပ်မှုလျှော့ချသောပြည်ထောင်စုအုပ်ချုပ်ရေးစနစ်ကိုရရှိပြီးနောက်ပိုင်း ဒီမိုကရေစီစနစ်နှင့် အညီပွင့်လင်းမြင်သာစွာစီမံကိန်းကို အကောင်အထည်ဖော်မှသာ အဆိုပါအကျိုးအမြတ်များကိုရရှိနိုင်မည်ဖြစ်သည်။

ယခုအနေအထားတွင် အာရှလမ်းမစီမံကိန်းကို ဥက္ကဋ္ဌကြီးမှ ထောက်ခံမှု ပြုမည်ဆိုပါက ဥက္ကဋ္ဌကြီးသည် ကရင်လူ ထု၏ဘဝကောင်းစားရေးနှင့်မျော်လင့်ချက်များကို ဥပက္ခာပြုလိုက်ခြင်းသာဖြစ်သည်။

**ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌနှင့်အကြီးအကဲခေါင်းဆောင်များအတွက် အကြံပေးချက်များ**

1. လာမည့်အာရှလမ်းမကြီးဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခြင်းမပြုပါရန်။

2. ဖွံ့ဖြိုးရေးစီမံကိန်းအမည်ခံ၍ စစ်အင်အားတိုးချဲ့ကာ ကရင်လူမျိုးတို့၏မြေယာနယ်နိမိတ်ကိုထိန်းချုပ်ရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသော အစိုးရ၏အစီအစဉ်ကို မားမားမတ်မတ် ရပ်တည်ဆန့်ကျင်သွားပါရန်။

3. လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အာရှလမ်းမကြီးနှင့်စပ်လျဉ်း၍ ထိန်းချုပ်ရေး၊ ကောင်းမွန်သောအုပ်ချုပ်မှုရှိရေးနှင့် အကျိုးအမြတ်ခွဲဝေခံစားရေးတို့နှင့်ပတ်သက်ပြီး နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် အာမခံချက်များရရှိအောင်ဆောင်ရွက်ပါရန်။

4. လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစိုးရမှ ကေအဲန်ယူမြေယာပေါ်လစီကို အသိအမှတ်ပြုပေးခြင်းအပါအဝင် ဒေသခံလူထုများ ၎င်းတို့ပိုင်မြေယာနှင့်သဘာဝသံယာဇာတအပေါ် စီမံခန့်ခွဲထိန်းချုပ်နိုင်သောအခွင့်အရေးရရှိရန်အတွက် အစိုးရမှအသိအမှတ်ပြုကာ အာမခံချက်ပေးအောင်ဆောင်ရွက်ပါရန်။

5. ဆောက်လုပ်ရေးစားချုပ်၊ ငွေရေးကြေးရေး (ဘဏ္ဍာငွေ) နှင့်ပတ်သက်သည့်ပေးဆောင်မှု (အသုံးအစွဲ)၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်အပေါ်ထိခိုက်မှုလေ့လာချက်ရလဒ်များအပါအဝင် အာရှလမ်းမစီမံကိန်းနှင့်ဆက်စပ်ပတ်သက်နေသည့်အချက်အလက်အားလုံးကို လူထုအားလူသိရှင်ကြားချပြပါရန်။

6. ကရင်ပြည်နယ်အတွင်းရှေ့ဆက်ဆောက်လုပ်မည့် အာရှလမ်းမ (၁) စီမံကိန်းအပြင် ၎င်းနှင့်ဆက်နွယ်သောအခြားလမ်းစီမံကိန်းများအတွက် ငြိမ်းချမ်းရေးနှင့်ပဋိပက္ခဆိုင်ရာဆန်းစစ်လေ့လာချက်များပြုလုပ်နိုင်ရန်၊ ဒေသခံလူထုအတွက် ဦးစားပေးဆောင်ရွက်ရမည့်လိုအပ်ချက်များကိုလည်းအခြေခံပြီး အဆိုပါအာရှလမ်းမ (၁) စီမံကိန်းကို စီမံကွပ်ကဲပေးနိုင်မည့်အုပ်ချုပ်ရေးစီမံချက်ကို ရေးဆွဲနိုင်ရန်၊ စသည့်အချက်များကိုပြုလုပ်နိုင်ရန်အတွက် ကရင်လူမှုအဖွဲ့အစည်းနှင့် ကရင်လက်နက်ကိုင်အဖွဲ့များကို ထိတွေ့တွေ့ဆုံကာ အဓိပ္ပါယ်ပြည့်စုံသောဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်ပါရန်။

7. အကြီးစားဖွံ့ဖြိုးရေးစီမံကိန်များအစား စစ်မှန်သောငြိမ်းချမ်းရေးနှင့် အာဏာကန့်သန့်ခွဲဝေသည့် ဒီမိုကရေစီပြည်ထောင်စုအုပ်ချုပ်ရေးစနစ်ရရှိနိုင်ရေးကို ဦးစားပေးဆောင်ရွက်ပါရန်။

8. ကရင်လူထုတစ်ရပ်လုံး၏ နိုင်ငံရေးမျှော်မှန်းချက်ကို အမှန်တကယ် ကိုယ်စားပြုပါရန် လေးစားစွာအကြံပြုအပ်ပါသည်။

**တည်ကြည်လေးနက်စွာဖြင့်၊**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊**
**နိုင်ငံတကာကရင်အမျိုးသားအစည်းအရုံး။**

Asia Pacific Region: P.O Box 1278 Wirribee Plaza, Melbourne, Vic 3030: Mobile +61 431527267
European Region: Mobile- +44 7940 522425: US/Canada Region- Mobile +1 (718)207 2556